
စာပေဗိမာန် စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆု

ပဲ့ကိုင်ရှင်တို့၏ နလုံးသားအလှ

နှင့်

ဝတ္ထုတိုများ စုစည်းမှု

ဂင်ဂေါ



.၃၀၁
ဂ

ဝိုင်ပိုးရောဂါစီးပွားရေး
စာကြည့်တိုက်
ရုံးအမှတ်(၇၃)
နေပြည်တော်

၂၀၂၀ ပြည့်နှစ်၊ စာပေဗိမာန်စာမူဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆု

ရပက ဦးစီး
ပုံစံ
ပ၁.၇.၂၃

ပဲ့ကိုင်ရှင်တို့၏ နှလုံးသားအလှ နှင့် ဝတ္ထုတိုများ စုစည်းမှု

တင်တော်

စာတည်းမှူး - ဒေါ်ဇင်မာထွေး
တည်းဖြတ်သူ - ဒေါ်ကြည်ကြည်ဝင်း
စာတည်း
အဖုံးဒီဇိုင်း - Mg Oo (SFA)



စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပုံနှိပ်မှတ်တမ်း

၂၀၂၂ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀

ပြန်ကြားရေးဝန်ကြီးဌာန

စာအုပ်အမှတ်စဉ် (၄၅/၂၀၂၂)

တန်ဖိုး ၃၀၀၀

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

စာပေဗိမာန်စာတည်းမှူးချုပ် ဦးတိုးကျော်က

မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍

မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။



မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၁။	တိမ်းညွတ်ယောင် တွေးမြင်မှား	၁
၂။	နောင်ရေးကို ရွယ်ရည်လို့ မျှော်တွေးကာ ရင်ဖို	၉
၃။	သိက္ခာကို အရင်းပြုလို့ မှတ်တိုင်တစ်ခု စိုက်ခဲ့မယ်	၁၉
၄။	သခ်ၤါရလမ်းဆုံမှ စစ်မှန်တဲ့ လူ့တန်ဖိုး	၂၉
၅။	နှလုံးသားအသစ်နဲ့ ထုဆစ်လိုက်တဲ့ အချစ်	၃၅
၆။	ဖြူစင်သော မုသားစကား	၄၅
၇။	တုယှဉ်နှိုင်းမဲ့ ထုံးဖွဲ့မမီ ဖဂုဏ်ရည်	၅၇
၈။	ပဲ့ကိုင်ရှင်တို့၏ နှလုံးသားအလှ	၆၉
၉။	တစ်ကိုယ်ရေ မိခင်တစ်ဦး၏ ဒုက္ခလွမ်းချင်း	၈၃
၁၀။	ပင့်သက်ဖြာ ရင်မှာမောပါဘိ	၉၇

တိမ်းညွတ်ယောင် တွေးမြင်မှား

(၁)

အရာထမ်းဘဝမှ အငြိမ်းစားယူပြီးကတည်းက ရုံးတက်စရာ၊ အစည်းအဝေးတက်စရာ၊ ပြဿနာတက်စရာ...တက်စရာဆို ဘာမျှ မရှိတော့ပြီဟု တွေးထင်ထားခဲ့ရာမှ ရုတ်တရက်ဆိုသလို ဆီးချိုက ခုမှလာ၍ တက်ပြီးရင်းတက်နေ၏။ အထွေထွေရောဂါအထူးကုသမားတော်ထံ သွားရောက်ပြသတိုင်းလည်း...

"တစ်နေ့ကို အနည်းဆုံး မိနစ် ၄၀ ကြာ လမ်းလျှောက်ဖို့ လိုတယ်...ဆေးထက် အစားအသောက်ဆင်ခြင်ပြီး ကိုယ်လက် လှုပ်ရှားမှု ပုံမှန်လုပ်ပေးမှသာ ဆီးချိုကို ထိန်းနိုင်မယ်"

ဟုသာ အမြဲလို ညွှန်ကြားနေ၏။ ခက်နေသည်က လမ်းလျှောက်ဖြစ်ဖို့ပင်။ ဝန်ထမ်းဘဝကတည်းက ညဉ့်နက်မှ အိပ်လေ့ရှိပြီး မိုးလင်းမှ နိုးတတ်သည့် အကျင့်ကြောင့် အိပ်ရာကလည်း စောစောမထချင်။ လက်ရှိ ရပ်ကွက်ထဲက ကွန်ကရစ်လမ်းမပေါ်မှာ လမ်းလျှောက်ရ အဆင်ပြေနိုင်သည်ဆိုပေမဲ့...အဲဒါကလည်း မနက်စော အရဏ်မတက်မီ လမ်းထွက်လျှောက်နိုင်ဦးမှ...မိုးလင်းပြီဆိုသည်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ စျေးသည်စျေးဝယ်များ၏ဆိုင်ကယ်များ၊ကုန်ပစ္စည်းတင်ထော်လာဂျီများ၏ အန္တရာယ်များက များလွန်းလှ၏။ ထို့အတူ နံနက်ဝေလီဝေလင်း လူရိပ်မြင်သည်နှင့်အုပ်စုဖွဲ့၍ဝိုင်းဟောင်တတ်သည့်ခွေးလေခွေးလွင့်များကိုလည်း

ကြောက်ရသေး၏။ ထိုအကြောင်းပြချက်များကို ဇနီးဖြစ်သူ ချို၏ ဖြေရှင်းနည်းက...

"ကိုကို လမ်းလျှောက်ဖြစ်ဖို့ဆို ချိုက မနက်စောစော နှိုးပေးမှာပေါ့...ခွေးခြောက်လို့ရအောင်နဲ့ ကိုကို လဲမကျအောင် အားပြုနိုင်ဖို့လည်း ချယ်ရီသားတုတ်ကောက်လေး စီစဉ်ထားပြီးပြီ...ပြီးတော့ ဆောင်းတွင်းမို့နွေးနွေးထွေးထွေးဝတ်ရအောင် ဖလန်နယ် ဂွမ်းဘောင်းဘီနဲ့ အင်္ကျီတွေ သိုးမွေးခေါင်းစွပ်တွေ...မာဖလာတွေလည်း အသင့်ပြင်ဆင်ထားပြီးပြီ ကိုကိုရဲ့...ဒါနဲ့ ချိုက စိတ်ပူတတ်လွန်းလို့ ကိုကို လမ်းလျှောက်ထွက်တိုင်း ဖုန်းယူသွားရမယ်နော်"

ဤသို့ဖြင့်...ချစ်ဇနီး၏ နားငြီးဖွယ် နှိုးစက်သံဖြင့် အိပ်ရာကမထချင်လည်း ထ...ဖိုးရိုးဖားရား ဖလန်နယ်ဂွမ်းမွေးဝတ်စုံပွပွကြီးကိုဝတ်...ကိုးရိုးကားရားသိုးမွေးခေါင်းစွပ်ကြီးကိုစွပ်...ထူထဲရှည်လျားမာဖလာကြီးကိုလည်ပင်းမှာပတ်ပြီး တုတ်ကောက်ကြီး တဒေါက်ဒေါက်ဖြင့် လမ်းလျှောက်ဖြစ်ခဲ့တော့၏။

(၂)

နေခြည်နုနု လင်းလုလုအချိန်...ချစ်ဇနီးချို၏ အရင်ကလိုမချိုတော့သည့် အသံစာစာကမြားတစ်စင်းနှယ် ရင်ဝယ်စူးနစ်စိုက်ဝင်နေမြဲ။ ကြားနေကြာတော့လည်း နံနက်ချိန်ခါ တေးသံသာအဖြစ် မှတ်ယူထားလိုက်ရ၏။ ချစ်ဇနီး၏ စိုးရိမ်ပူပန်မှုက အသက်ကြီးမှ အကဲပိုနေသည်ဟုလည်း ထင်မိခဲ့၏။

"ဆီးချိုတိုင်းပြီးပြီလား...တက်နေလားကျနေလား...အိပ်ရာထသောက်ရမယ့် ဆေးကောသောက်ပြီးပြီလား...ဆီးချိုတက်နေရင် မနေ့ကအပြင်မှာဘာစားလာခဲ့သလဲ...နောက်မစားနဲ့၊ ဆီးချိုကျနေပြန်ရင်လည်း အန္တရာယ်ရှိတယ်၊ သွားလေရာ ချိုချဉ်ဆောင်ထားဖို့ မမေ့နဲ့နော်"

ဟု မဖြေမချင်း မေးနေသည့် မေးခွန်းများကို စကားနည်းရန်စဲအမြန်ပင် ဖြေခဲ့ရ၏။ အလေ့အကျင့်သည် ကြာလာလျှင် အလေ့အထဖြစ်သွား

တတ်သည်ဟု ဆိုသော်လည်း...လမ်းလျှောက်သည့်အလုပ်က ခုထိကို အသားမကျနိုင်သေး။ ချစ်ဇနီး၏ နှိုးဆော်တိုက်တွန်းအားပေးမှုကို နားမခံနိုင်၍သာ...လူက သံပတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်လို ပုံသေ လှုပ်ရှားနေခြင်းဖြစ်၏။

(၃)

တစ်မနက်...ရောင်သွေးနုနု ထရက်ဆုလှလှလေးနှင့် ကြွကြွရွရွ လမ်းလျှောက်နေသော သက်ရွယ်လေးဆယ်ခန့် အမျိုးသမီးတစ်ဦး ဖြတ်ကျော်၍ တက်သွားခဲ့၏။ သူ့ထံမှ ရေမွှေးနံ့ကလည်း မွှေးပျံ့၍ ကျန်နေခဲ့သလို ထက်နတ်ဘုံနေ ခုမှကြွသည့်အလား...ကိုယ်မှုဟန်က လှပကြော့ရှင်း ခံ့ထည်သလို ရုပ်ရည်ကလည်း ပြေပြစ်ချောမော ခန့်ညားလွန်းလှ၏။ နှစ်ဦးအကြား ကွာဟမှုအလှမ်း အလွန်ဝေးသွားမှာ စိုးမိသလို... မသိစိတ်၏ စေ့ဆော်မှုကြောင့်လည်း ခြေလှမ်းတို့က အရှယ်နှင့်မမျှ သွက်နေခဲ့၏။ ရင်ခုန်တာမျိုး မဟုတ်ပေမဲ့လည်း ရင်တုန်သွားခဲ့၏။

နောက်တစ်ရက် ဖြတ်ကျော်အတက်...သမင်လည်ပြန် စောင်းငဲ့၍ ကြည့်သွားခဲ့ရာ အံ့သြဟန်ဖြင့် သူ၏မျက်ဝန်းများက တောက်ပရွှန်းလဲ့သွားသည်ဟု ထင်မြင်မိခဲ့၏။ ထိုအံ့သြဟန်ကလည်း ပရိယာယ် (၄၀)၊ မာယာ (၁၀၀၀) ထဲက မြူဆွယ်နည်းတစ်ခုလေလား။ မည်သို့ဆိုစေ စက္ကန့်ပိုင်းလေးမျှသာ အကြည့်ချင်းဆုံမိခိုက် ပြုံးပြဖို့ မေ့သွားသည်ကိုပင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးတော့။

နောက်တစ်ရက်တွင် ရှေးရှုရာ တူယှဉ်၍ လမ်းလျှောက်မိခိုက် သူကပဲ စတင်ပြုံးပြခဲ့လေသလား သို့မဟုတ် မိမိကပင် စတင်၍ ပြုံးပြလိုက်လေသလားမသိ... အပြုံးချင်းဖလှယ်မိခဲ့ကြ၏။ သူ၏အပြုံးက စိတ်အေးချမ်းမြေ့စေသော လွတ်လပ်ပျော်ရွှင်ဖွယ် အပြုံးမျိုးတည်း။

နောက်တစ်ရက်ကျ...ကြည်သာခွန်းချို သံစဉ်နုပျိုပျိုလေးနှင့် "မင်္ဂလာပါ ဘဘ..." ဟု နှင်းဆီငုံနှုတ်ခမ်းလေးမှ ဖွင့်အန်လာသော ရင်းနှီးမှုပန်းတစ်ပွင့်က ရင်ထဲ၌ ငွားငွားစွင့်စွင့် ဖူးပွင့်၍ သွားခဲ့ပြီ။ ခုတော့လည်း လမ်းလျှောက်ရသည်မှာ ပျော်စရာကောင်းလာခဲ့၏။

(၄)

"ဟယ် ကျားသားမိုးကြိုး...ဒီမနက် ချိုတောင် မနှိုးလိုက်ရပါလား...ပြီးတော့ လမ်းလျှောက်ထွက်ဖို့ကလည်း အသင့်ဖြစ်နေပြီ...အလဲ့ ခုမှကြည့်မိတယ် စတိုင်ဘောင်းဘီ စပို့ရုပ် လျှာထိုးဦးထုပ်၊ Walking Shoes တွေနဲ့ ခုလိုကျတော့လည်း တို့ကိုကိုက ခန့်လို့ သန့်လို့ လူငယ်လေးကျနေတာပဲ အံမယ် ဂေါက်တုတ်နဲ့ ဆိုတော့ ဂေါက်ရိုက်သွားမလို့လား ဟင်..."

"မင်းဝယ်ပေးခဲ့တဲ့ ဖလန်နယ်ဂွမ်းဝတ်စုံကြီးက ပွရောင်းရောင်း ...ခေါင်းစွပ်ကလည်း ချောင်ချိချိ တုတ်ကောက်ကြီးနဲ့ဆိုတော့ ဟိုကွာ ဆပ်ကပ်ထဲက ဂျိုကာရုပ်ပေါက်နေသလားလို့"

ထိုသို့သော သွင်ပြင်ဆင်ယင် ပြောင်းလဲခြင်းက စိတ်၏ မရိုးသားဖောက်ပြန်မှုတစ်ခုလေလား...သို့မဟုတ် လွန်ဆန်၍မရသည့် ဇရာကို ဖုံးကွယ်ဟန်ဆောင် လှည့်ဖြားလိုခြင်းများလားဟု မလုံမလဲဖြစ်မိခဲ့၏။ သို့သော် လူမှာအဝတ် ဆိုစကားအတိုင်း အမြင်တွင် ယခင်ကထက်ပို၍ ငယ်ရွယ်နုပျိုသွားသည်ကတော့ အမှန်ပင်။

ဒီမနက် လမ်းလျှောက်ထွက်ချိန် သူနှင့်ဆုံစည်းနိုင်အောင် အချိန်နှင့် ခရီးတာကို ချင့်တွက်ချိန်ဆပြီးမှ လှုပ်ရှားနေမိသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိ၏။ တွေ့သည်နှင့် မျှော်တွေးထားသည့် အတိုင်းပင်...

"အို သမီးက ဘာဘာလို့ ခေါ်မိတာ စော်ကားသလိုများ ဖြစ်သွားခဲ့ပြီလား အန်ကယ်ရယ်...ခုလိုကျတော့လည်း"

ဟု စကားကို ဖြတ်လိုက်ပေမဲ့ ရင်ထဲမှာတော့ ကြည်နူးသွားခဲ့၏။ ဘာဘာနှင့် အန်ကယ်ကြားက အသက်ကွာဟမှု ကန့်သတ်ချက်က မည်မျှရှိမလဲဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်တွက်ချက်နေမိ၏။

(၅)

အိပ်ရာနိုးထ မျက်နှာသစ်ပြီးစ ချစ်ဇနီးက မှန်တင်ခုံရှေ့မှနေ၍

"ကိုကိုရေ...ချို့ရဲ့ Fair & Lovely ဘူးလေးများ တွေ့မိသေးလား"

ဟုအမေးကိုတစ်သက်နှင့်တစ်ကိုယ်တစ်ခါမျှထိုသို့မလိမ်းခဲ့ဖူးပါဘဲ ခုမှ ယူ၍လိမ်းမိသည်ကို မလုံမလဲစိတ်ဖြင့်

"အေးကွာ...မနက်စော လမ်းလျှောက်တော့ နှင်းငွေ့ပါ ဆောင်းလေအေးကြောင့် အသားတွေပပ်ပြီး စပ်နေတာကြောင့် ယူလိမ်းလိုက်တာ ရော့ ရော့"

တကယ်တော့ လေးရက်အတွင်း လေးဆင့်တိုးပြီး အသားဖြူလာမည်ဟုကြော်ငြာကိုယုံမှတ်၍အန်ကယ်မှ "အစ်ကိုကြီး" အရွယ်အသားအရေမျိုးများဖြစ်လာလေမလားရယ်လို့လည်းစိတ်ကူးဖြင့်ရူးခဲ့မိ၏။ ဇနီးဖြစ်သူက ခင်ပွန်းသည်၏ ပုံမှန်မဟုတ်သောစိတ်ဖြစ်အင်ကို သံသယမဝင်၍လည်း ကိုယ့်ကိုယ်ကိုယ် ဘဝင်တွေမြင့်နေမိခဲ့၏။

နောက်ရက် နောက်ရက်များတွင် တူနှစ်ကိုယ် ယှဉ်တွဲ၍ လမ်းလျှောက်ရင်း စကားတွေ ဖောင်ဖွဲ့ခဲ့ဖြစ်၏။ သူက တောင်ကြီးဇာတိ ရှမ်းတိုင်းရင်းသူ မိဘများ မရှိတော့...လက်ရှိ တက္ကသိုလ်ကထိကတစ်ဦးဖြစ်ပြီး လွန်ခဲ့သောသုံးနှစ်က ယာဉ်မတော်တဆဖြစ်၍ ခင်ပွန်းဖြစ်သူဆုံးပါးသွားခဲ့သဖြင့် ဘဝကိုတစ်ဦးတည်းရိုးသားတည်ငြိမ်စွာရှင်သန်နေသူဖြစ်ကြောင်း သိခဲ့ရ၏။ တစ်ဦးတည်း ရပ်တည်နေသည်ဆို၍လည်း ဘာ့ကြောင့်မှန်းမသိစိတ်ထဲ၌လွတ်လပ်ပျော်ရွှင်သွားမိသလို ခင်ရာမှသည် မင်လာခဲ့ကြ၏။

(၆)

ဒီနေ့...သူ လမ်းမလျှောက်။ ပျောက်နေသည့်အတွက် စိတ်ပူနေမိ၏။ ဆုံစည်းနေကျ မတွေ့မြင်ရ၍လည်း ရင်ထဲမှာ တစ်ခုခု လစ်ဟာနေသလိုလို။ ဘာကို အလိုမကျသည်မသိ စိတ်ထဲမှာလည်း ခိုးလိုးခုလုနှင့်။ ဆက်၍ လမ်းလျှောက်ချင်စိတ်လည်း မရှိတော့။ အိမ်ပြန်ရောက်သည့်အခါ ချစ်ဇနီးက...

"အယ်...ကိုကို ပြန်လာတာ စောလိုက်တာ နေများမကောင်းလို့လားဟင်... အင်ရူးဝါးက ဖျော်ထားပြီးပြီ ကြက်ဥကတော့ ပြုတ်နေဆဲမို့ သုံးမိနစ်ပဲစောင့်"

ဟုဟန်ပင်မဆောင်နိုင်ဘဲ ဆွဲယူဖြန့်ဖြေ၍ကြည့်နေ၏။ အကယ်၍ ထိုမာဖလာကို ချစ်ဇနီး မြင်တွေ့ မေးလာခဲ့လျှင် ဖြေဆိုရခက်မည်ဟု တွေးမိခဲ့သော်လည်း အဖြေကို ကြို၍ စဉ်းစားမထားမိခဲ့။ သို့သော် အားလုံး ကောင်းဖို့အတွက် သားရွှေအိုးထမ်းလာကိန်းအဖြစ်...

"မနက်ဖြန် ချို့ရဲ့ ဖေ နှစ်ပြည့် မွေးနေ့လေ...အဲဒါ ချို့အတွက် မွေးနေ့လက်ဆောင်ပေးဖို့ပေါ့... မနက်ဖြန်မှ ပေးမယ်လို့ ရည်ရွယ်ထားပေမဲ့...ကဲ ခုပဲ ကိုကို ခြုံပေးပါရစေ"

ချစ်ဇနီး ချို၏ မျက်စောင်းက ဟိုးယခင် ချစ်သူဘဝကအတိုင်းပင် ပြုံးချိုနေဆဲ။ ထို့နောက် ဖလန်နယ် ဂွမ်းဘောင်းဘီနှင့် အင်္ကျီပွပွကြီးကို ဝတ်ဆင်၍ အချိန်ရသမျှ လမ်းလျှောက်ဦးမည်ဟု ထွက်အလာ ချစ်ဇနီးက...

"ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ ကိုကိုရယ်..."

ဟု ပြုံးရယ်လျက် အမေးကို...

"တကယ်တော့ မင်းပေးတဲ့ ဖလန်နယ် ဂွမ်းဝတ်စုံပွပွကြီးကမှ စစ်မှန်တဲ့ နွေးထွေးမှုကို ပေးနိုင်တာပါကွာ"

ဟု ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောလိုက်မိ၏။ ချစ်ဇနီးကတော့ ရောင်သွေးနုနုမာဖလာလေးကို လည်ပင်းမှာပတ်လို့ အပျိုဖြန်းလေးပမာ လှုပ်ပြုံးရွှင်လို့နေ၏။

❑



နောင်ရေးကို ရွယ်ရည်လို့ မျော်တွေးကာ ရင်ဖို

(၁)

"ညည်းကလည်းအေ...ငါ့မှာ တစ်ပူပေါ်နှစ်ပူဆင့်နေချိန်... လာပြီး တကျည်ကျည် လုပ်မနေစမ်းပါနဲ့ဟယ်"

ဟု မမာက အဝတ်လျှော်နေရင်းမှ သူ၏ အစ်မဖြစ်သူကို မဲ့ကာရွဲ့ကာဖြင့် ပြစ်တင် ပြောဆိုလိုက်၏။ အစ်မဖြစ်သူကလည်း ကြက်ခေါင်းဆိတ်မခံ...

"မလုပ်လို့ရမလားဟဲ့ မိမာရဲ့... ယူတာက နင်၊ ကြွေးတောင်းခံရတော့ ငါလေ... ငါကလည်း ကိုယ့်ညီမမို့ မနေသာတာနဲ့ ကြားဝင် အာမခံပေးမိခဲ့တာကိုက ငါ့အမှားပါအေ..."

ဟု ပက်ခနဲ ပြန်ပြောလိုက်၏။ ထိုအခါ မမာက မျက်နှာချိုသွေးသလိုနှင့် လေသံလေးပျော့သွားခဲ့ပြီး...

"အစ်မလည်းသိရဲ့သားနဲ့အေ...ဟိုတလောက ငါ့ယောကျ်ားမကျန်းမာလို့ ဆေးကုလိုက်ရတာရယ်...ဒီကြားထဲ ကျောင်းကရေတင်မော်တာ အခိုးခံရလို့ လျော်လိုက်ရတာရယ်...ယောကျ်ားနေမကောင်းတော့ အပြင်ထွက် အဝတ်မလျှော်နိုင်လို့လည်း ဝင်ငွေက မရှိနဲ့"

ဟု ဖြေရှင်းချက်ပေးသလိုဖြင့် အယူခံဝင်လိုက်၏။ အစ်မဖြစ်သူက ကရဏာဒေါသောဖြင့်...

"နင့်ယောကျ်ားက ဒီလောက်သောက်စားနေမှတော့ နေမကောင်း ဖြစ်တာတောင်နည်းသေး...ပြီးတော့ကျောင်းစောင့်က အချိန်ပြည့် မူးနေတော့ မော်တာပျောက်တာလည်း မဆန်းပါဘူးအေ... ဒီကျောင်းအုပ်ဆရာမကြီးက သဘောကောင်းလို့ မော်တာဖိုး တစ်ဝက်ပဲ အလျော်ခိုင်းတာ..."

"ဟဲ့ ငါ့ယောကျ်ားက တာဝန်ချိန်ပြီးမှ ဆေးဖြစ်ဝါးဖြစ် နည်းနည်းပဲသောက်တတ်တာပါအေ...လာပြီး ပုံကြီးချဲ့မနေစမ်း ပါနဲ့...နားပူမခံနိုင်လွန်းလို့နင်ယူပေးထားတဲ့အကြွေးငါးထောင်ကို မနက်ဖြန် ပြန်ပေးမယ် ဟုတ်ပြီလား"

ထိုသို့ညီအစ်မချင်းချွေးငွေကိစ္စစကားများသည့်ဖြစ်စဉ်မျိုးကလည်း တစ်နေ့တစ်မျိုး မရိုးရပေ။ကြွေးဟောင်းမကျေခင်ကြွေးသစ်ယူနေကြရသော အခြေခံလူတန်းစားများ၏နေ့စဉ်လူနေမှုပုံစံများထဲက ပြယုဂ်တစ်ခုပင်ဖြစ်၏။

ထိုစဉ် မမာတို့ညီအစ်မနှစ်ဦးရှိရာသို့ ကျောင်းသားတစ်ဦး ရောက်လာပြီး...

"ဆရာမကြီးက ဘကြီးပေါက်ကို ခေါ်ခိုင်းလိုက်လို့...ခုချက်ချင်း ရုံးခန်းလာခဲ့ပါတဲ့"

မမာက သူတို့မိသားစုနေထိုင်ရာ ကျောင်းစောင့် နေအိမ်အတွင်း ကွပ်ပျစ်ပေါ်၌ အရက်မူးပြီးအိပ်နေသော ခင်ပွန်းဖြစ်သူကို လှမ်းကြည့် လိုက်ပြီး...လာခေါ်သည့် ကျောင်းသားဘက်လှည့်ကာ...

"အေးကွယ် မင်းတို့ဘကြီးပေါက် နေမကောင်းလို့ ငါပဲ လိုက်ခဲ့မယ်"

ဟုပြောပြောဆိုဆို ထဘီနှင့်အင်္ကျီကို ဆွဲဆန့်ဆံပင်ကို လက်ဖြင့် သပ်တင်လိုက်ပြီး အဝတ်လျှော်နေရာမှ ထလိုက်သွားခဲ့၏။ မမာခင်ပွန်း၏ အမည်က ဦးပေါက်စဖြစ်ပြီး ဤကျောင်း၏ ကျောင်းစောင့်ဖြစ်ကာ တစ်ကျောင်းလုံးက ဘကြီးပေါက်ဟုသာ ခေါ်ဆိုကြ၏။ ရုံးခန်းသို့သွားနေရင်း မိမိတို့ညီအစ်မ စကားများရန်ဖြစ်နေသံကြား၍ ခေါ်ဆူတာလား၊ ခင်ပွန်း

အရက်မူးနေသည်ကိုသိ၍ ခေါ်ကြိမ်းတာလား...တစ်ခုခုတော့ ဖြစ်မည်ဟု တွေးကာ စိတ်ပူနေမိ၏။

(၂)

ကျောင်းအုပ်ကြီးရုံးခန်းအတွင်း ဝင်မိသည်နှင့်...ဆရာမကြီးက ငုံ့၍လက်မှတ်ထိုးနေရာမှ ခေါင်းမမော့ဘဲ မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်ပြီး သြဇာသံအပြည့်ဖြင့်...

"ဘာလဲ နင့်ယောကျ်ား မူးနေပြန်ပြီလား"

ဟု အမေးကို မမာက ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုပြီး...

"နေမကောင်းတာနဲ့ ဆေးသောက်ပြီး မိုန်းနေလို့ပါ"

ဟု မှင်သေသေဖြင့် လိမ်လိုက်၏။

"အေးအေး နင်ကပါအလိုတူအလိုပါနဲ့ လူမိုက်အားပေးလုပ်နေ ...နင့်ယောကျ်ား အလုပ်ပြုတ်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ဟု ဆရာမကြီးက ပြောဆိုနေရင်းမှ သူ၏ ဘေးနံရံရှိ ဝန်ထမ်း အင်အားအခြေပြဇယားကြီးကို လှည့်ကြည့်လိုက်ကာ...

"နင့်ယောကျ်ားကပင်စင်ယူဖို့သုံးနှစ်ပဲလိုတော့တယ်သိလား... နင်တို့ ဘဝပျက်သွားမှာစိုးလို့ ငါ သည်းခံနေတာ...မဟုတ်ရင် မြို့နယ်ပညာရေးမှူးဆီတင်ပြ ဖြုတ်ပစ်လိုက်တာ ကြာပေါ့... ဘယ်လောက်ပြောပြော အမှတ်ကိုမရှိကြဘူး"

ဟု မိဘသဖွယ်စိတ်ဖြင့် သတိပေးဆုံးမလိုက်၏။ ထိုစကားက မမာ၏နှလုံးသားကို ဆွဲခါလှုပ်ယမ်းလိုက်သလိုတုန်လှုပ်သွားစေခဲ့၏။ ဘဝကို အလိုက်သင့် မျှော၍ မျှော၍ အဆင်ပြေသလို နေလာခဲ့ရာမှ နောက်သုံးနှစ် ပင်စင်ယူပြီးလျှင် ဘယ်မှာနေလို့ ဘာလုပ်ရမည်ကို စဉ်းစားမထားမိ သောကြောင့်လည်း ထိတ်လန့်သွားခဲ့ရခြင်းဖြစ်၏။

ယခုအခါ ကျောင်းစောင့်ဟူသည့်တာဝန်ဖြင့် နေစရာကလည်း ကျောင်းဝင်းအတွင်း၌လုံလုံခြုံခြုံနှင့် သွပ်မိုးထရံကာနေအိမ်ရှိ၏။ လျှပ်စစ်မီး ကလည်း အခမဲ့... သောက်သုံးရေကလည်း အလျှံပယ်သုံးစွဲနေရသဖြင့်

ကုန်ကျစရိတ်က ဘာမျှမရှိ။ ကျောင်းမှရေဖြင့်ပင် ရပ်ကွက်တွင်းမှ အဝတ်အထည်များယူ၍ လျှော်ဖွပ်ပေးခြင်းဖြင့်လည်း အပိုဝင်ငွေရရှိနေသေး၏။ အကယ်၍များ ပင်စင်ယူပြီးလျှင် ထိုအခွင့်အရေးများကို ရရှိနိုင်တော့မည် မဟုတ်။ အပြင်မှာ အခြေချနေထိုင်စရာမရှိသေးသလို... မတည်ရင်းနှီးငွေကလည်း စုမိဆောင်းမိ မရှိသေး။ ထို့ကြောင့် လတ်တလော ခင်ပွန်းဖြစ်သူ အလုပ်မပြုတ်ဖို့က အရေးကြီး၏။

မမာတို့တွင် သား နှစ်ဦးနှင့် သမီး တစ်ဦးရှိပြီး...သားကြီးက ဤကျောင်း၌ပင် နဝမတန်းတက်နေရင်း ကျောင်းစျေးတန်းတွင် စျေးရောင်းသည့် မိန်းကလေးတစ်ဦးနှင့် ခိုးရာထွက်ပြေးခဲ့ကြသဖြင့် ကျောင်းထုတ်ပြီး ပေးစားခဲ့ရ၏။ မိန်းကလေးကလည်း မိဘများမရှိတော့ဘဲ အစ်ကိုဖြစ်သူနှင့် အတူနေထိုင်သူဖြစ်၍ ဆံထုံးနောက်သျှောင်ပါမိန်းကလေးနေအိမ်သို့ လိုက်ပါသွားခဲ့၏။ မိန်းကလေးက ကျောင်းစျေးတန်းတွင်ပင် ဆက်၍ စျေးရောင်းခဲ့ပြီး သားကြီးက ကျောင်းနေဖက်သူငယ်ချင်းတွေအကြား စျေးထိုင်ရောင်းရမည်ကို ရှက်သည်ဆိုပြီး ဟိုအလုပ်ကောင်းနိုးနိုး... ဒီအလုပ်ကောင်းနိုးနိုးဖြင့် မိန်းမလုပ်စာထိုင်စားရင်းကလေးတစ်ယောက်ပင် ရရှိခဲ့ပြီဖြစ်၏။ မည်မည်ရရ ဘာမှမလုပ်ဘဲ အပေါင်းသင်းများနှင့် သောက်စားရင်း နောက်ဆုံး မသောက်ရမနေနိုင်သည်အထိ အရက်စွဲသွားခဲ့၏။ မိန်းကလေး၏ အစ်ကိုဖြစ်သူက သည်းမခံနိုင်သည့်အဆုံး အရက်ကို ဖြတ်ရင်ဖြတ် ဒါမှမဟုတ်ရင် ငါ့ညီမကိုဖြတ်ဟု ပြတ်သားစွာပြောဆိုပြီး အိမ်ပေါ်မှ နင်ချလိုက်၍လည်း မိဘကပင် ပြန်လည်လက်ခံ ကျွေးမွေးထားခဲ့ရ၏။ ဝင်ငွေမရှာပေးသည့်အပြင် အရက်ဖိုးပါနေ့စဉ်ပေးနေရသဖြင့်လည်း... မရှိတာထက် မသိတာက ပိုခက်သည်ဟု ဆိုရပေမည်။

သားအလတ်က ဒီနှစ် ခုနစ်တန်း...အငယ်ဆုံးသမီးလေးက ဒုတိယတန်း။ ခင်ပွန်းဖြစ်သူ၏ လစာသာ ပုံမှန်ဝင်ငွေရှိနေသဖြင့် ထိုလစာတစ်ခုတည်းဖြင့်လည်း မိသားစုဘဝက မရပ်တည်နိုင်၍...မမာက ရပ်ကွက်အတွင်း အိမ်ပေါက်စေ့လှည့်လည်ကာ အဝတ်လျှော်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းဖြင့် တစ်နေ့စာ တစ်နေ့ရှာ၍ ဘဝကို ဖြစ်သလိုရပ်တည်နေကြ

ခြင်းဖြစ်၏။ ပင်စင်ယူပြီးလျှင်ဟူသည့် အနာဂတ်ဘဝ မျှော်မှန်းချက်မျိုးက တစ်ခါမျှ မတွေးခဲ့ဖူးသဖြင့်လည်း...ဆရာမကြီးက သုံးနှစ်ပဲလိုတော့တယ်ဟု ပြောလိုက်မှသတိရပြီး မမာ၏ရင်ကို ဗလောင်ဆူသွားစေခဲ့၏။ ဆရာမကြီးက ငြိမ်နေသော မမာကိုကြည့်ပြီး...

"အေး နင့်ယောကျ်ားနေမကောင်းတော့လည်း နင့်ပဲခိုင်းရတော့မှာပေါ့...မနက်ဖြန် တို့ကျောင်းကို ခရိုင်ပြန်ဆက်ရယ်၊ ခရိုင်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရယ်၊ ပြီးတော့ မြို့နယ်စာရေးဆရာအသင်းရယ် ပေါင်းပြီး ကျောင်းသားတွေကို အသိပညာပေးဟောပြောပွဲလာလုပ်ကြမယ်....အဲဒါကျောင်းခန်းမကြီးအတွင်း သန့်ရှင်းရေးလုပ်တာ... အခင်းတွေခင်းတာ ကူပြီးလုပ်ပေးလိုက် ဟုတ်ပြီလား...မနက်ဖြန်ကျလည်း အခမ်းအနားပြီးလို့ အခင်းတွေပြန်သိမ်းဖို့နဲ့ လိုအပ်တာရှိရင် အသင့်ခိုင်းနိုင်အောင် နင့်ယောကျ်ား မသက်သာသေးရင်လည်း နင်ပဲလာပြီး ခန်းမရဲ့ အနီးအနားမှာ စောင့်နေ နားလည်တယ်နော်"

ဟု ညွှန်ကြားချက်များကို မမာက သွက်လက်စွာဖြင့်...

"ဟုတ်ကဲ့ပါရှင့် ခုပဲ စပြီး သန့်ရှင်းရေးသွားလုပ်လိုက်ပါ့မယ်.."

ဟု အစက ခေါ်ပြီး ငေါက်မည် ဆူမည် ကြိမ်းမောင်းမည်ဟု တွေးထင်ထားခဲ့ရာမှ ထိုသို့မဟုတ်သဖြင့်... ရုံးခန်းရှေ့မှ တံမြက်စည်းကို ဆွဲယူကာ ခန်းမဆီသို့ပြုံးရွှင်စွာ ထွက်သွား တော့၏။ ပညာမတတ်သူတို့၏ ဘဝပေး အသိကိုက မည်မျှ ကျော်ပူသည်ဖြစ်စေ ပြုံးပြုံးလေးနှင့် ခံနိုင်ရည်ရှိပြီး နားပူသည်ကိုတော့ မာန်တင်း၍ မခံနိုင်တတ်ကြပေ။

(၃)

ညက မီးခိုးကြွက်လျှောက် အတွေးများဖြင့် မမာ တော်တော်နှင့် အိပ်မပျော်။ ခင်ပွန်းဖြစ်သူက လေးတန်းသာအောင်ပြီး မိသားစုအရေးဘာမျှမတွေး အပူအပင်လည်းမရှိ။ အနာဂတ်ဘဝရည်မှန်းချက်လည်းမရှိ။ ထားရာနေ စေရာသွားခိုင်းသည်ကိုသာ လုပ်တတ်သူ။ နေ့စဉ်မနက်စောစောထပြီး ရပ်ကွက်ဓမ္မာရုံသို့သွား၍ အရဏ်တက်ချိန် အာဟာရဒါနဆန်ပြုတ်

အလှူပေးဝေရာသို့သွားရောက်ကူညီလုပ်ကိုင်ပေးမည်...အပြန်တွင်မိသားစုအတွက် ဆန်ပြုတ်ယူလာပေးမည်...ထို့နောက် ကျောင်းခန်းသော့တွဲကြီးကို ခါးမှာချိတ်ဆွဲပြီး စာသင်ဆောင်များသို့ လှည့်လည်ကာ မီးပိတ်မည်... အခန်းတံခါးများသော့ဖွင့်မည်...ပြီးလျှင်ရေစက်မောင်းရေတင်ရေဖြည့်မည် ...ထိုအလုပ်များကဦးပေါက်စ၏နိစ္စဓူဝအလုပ်များသာတည်း။ကျောင်းတက်သည်နှင့် ကျောင်းဝင်းအတွင်း တောင်လျှောက် မြောက်လျှောက်နှင့် လစ်လျှင်လစ်သလို ကျောင်းပြင်ထွက်၍ နည်းနည်းချင်းနှင့် ခဏခဏ သောက်လေ့ရှိသဖြင့်လည်း ကျန်းမာရေးပါ ချို့ယွင်းလာကာ ဆေးကုသစရိတ်များဖြင့် အကြွေးများကလည်း ထပ်၍တိုး၍ တင်လာခဲ့ရခြင်းဖြစ်၏။

သားကြီးက ဆိုဆုံးမ၍ မရတော့...အရက်ကနိုင်သွားခဲ့ပြီဖြစ်၏။ မိသားစုကို ဒုက္ခမပေး ရန်မပြုလျှင် ပြီးရောဆိုပြီး လွှတ်ကာထားလိုက်၏။ သားအလတ်က အသက် (၁၄) နှစ်ဆိုသော်လည်း လူကောင်က ထွား၍ အရိပ်အကဲနားလည်ပြီး အလိုက်သိတတ်၏။ ပညာရေးတွင် ထူးချွန်ထက်မြက်သည့်ကလေးမျိုးမဟုတ်သော်လည်း ဝီရိယစိုက်ထုတ်မှုကြောင့် တစ်နှစ် တစ်တန်း မှန်မှန်အောင်နေ၍ ကျေနပ်နေရ၏။ ဟိုတစ်လောက သားလတ်နှင့်အတူမမာစေးသွားစဉ်...မြို့ပေါ်တက်ပန်းရန်လုပ်ပြီးကြီးပွားနေသော ရပ်ဆွေရပ်မျိုးတစ်ဦးနှင့် ဆုံတွေ့ရာ သားလတ်ကို ကြည့်ကာ...

“မိမာ ဒါ နင့်သားလား...ငါ့မှာ ယုံကြည်စိတ်ချရတဲ့ အကူလက်ထောက်တစ်ဦး လိုနေတာဟ နင့်သား လုပ်မယ်ဆိုရင် နေ့တွက်ခကို သူများထက်ပိုပေးမယ်ဟာ... ပြီးတော့ နောင်ဆရာဖြစ် လုပ်စားနိုင်တဲ့အထိလည်း ပညာသင်ပေးမယ်”

ဟုပြောခဲ့ဖူး၏။နောက်သုံးနှစ်အထိ အနေအစားမပျက်စေရေးကခင်ပွန်းဖြစ်သူ ကျန်းကျန်းမာမာနှင့် တာဝန်ထမ်းဆောင်နိုင်ဖို့သာလို၏။ နောင် ပင်စင်ယူပြီးသည့်အခါကျလည်း နောင်ခါလာနောင်ခါစွေးဟုတွေးလိုက်ပြီးလတ်တလောကြုံတွေ့နေရသောငွေရေးကြေးရေးပြဿနာများပြေလည်သွားစေရန်... သားလတ်ကို ကျောင်းထုတ်၍ ပန်းရန်လုပ်ခိုင်းပြီးမိသားစုအတွက် ဝင်ငွေရှာခိုင်းရမည်ဟု မမာ ဆုံးဖြတ်ချက်ချလိုက်မှသာအိပ်ပျော်သွားတော့၏။

(၄)

မနက်ကိုးနာရီ။အသိပညာပေးဟောပြောပွဲကလည်းစပြီ။ခေါ်လျှင်ကြားနိုင်လောက်သည့် ခန်းမအနီးက တမာပင်အောက်ရှိ ခုံတန်းလျားလေးပေါ်တွင် မမာထိုင်စောင့်နေရ၏။ စိတ်မဝင်စားသော်လည်း ကြားနေရသော ဟောပြောသံများကနားထဲသို့ဝင်လာလိုက်ပျောက်သွားလိုက်နှင့် အသိပညာဗဟုသုတ နည်း၍လားမသိ သိပ်ပြီး နားမလည်ခဲ့။ သို့သော် အချို့ကိုတော့ တစ်ပိုင်းတစ်စ မှတ်မိခဲ့၏။

"အာဆီယံနိုင်ငံတွေရဲ့ ကျောင်းထွက်နှုန်း အများဆုံးစာရင်းမှာ တို့မြန်မာနိုင်ငံ ပါဝင်နေတာ ဝမ်းနည်းစရာအလွန်ပဲကောင်းတယ်... မူလတန်းမှာ ကျောင်းစတက်တဲ့ ကလေးအယောက် (၁၀၀) ရှိရင် တက္ကသိုလ်ကို (၁၀) ယောက်ပဲရောက်ပြီး...ဘွဲ့ရတာက (၆) ယောက်ပဲရှိတယ်တဲ့... တကယ်တော့ မိဘတွေက ဆင်းရဲမွဲတေမှုကြောင့် ကျောင်းဆက်မထားနိုင်တာ...ကျောင်းနေရမယ့်အရွယ်ကလေးငယ်တွေက ဝင်ငွေရှာပေးနေရတာ... ဒါမှမဟုတ် အရွယ်မတိုင်မီ မိသားစုတာဝန် တစ်စိတ်တစ်ပိုင်းကို ထမ်းဆောင်နေကြရတာ... ပညာရေးကို မိဘတွေက စိတ်မဝင်စားကြတာ...မပုံပိုးတာတွေနဲ့ မိသားစုပဋိပက္ခတွေထဲမှာ ကလေးတွေ ကြားညပ်နေကြတာတွေကြောင့် ကျောင်းထွက်ခဲ့ကြရတာပဲဖြစ်တယ်"

ဟူသောပြောကြားချက်ကို ကြားလိုက်မိသည်နှင့် မိသားစုအတွက် ဝင်ငွေရှာပေးရန် သားလတ်ကို ကျောင်းထုတ်မည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှားများမှားသွားခဲ့ပြီလားဟု မမာဝေခွဲမရဖြစ်သွားခဲ့၏။ တိုက်တိုက်ဆိုင်ဆိုင် ထိုစကားများကလည်း သူ့ကိုပင် တမင်ရည်ရွယ်၍ ပြောနေသလားဟု ခံစားမိလိုက်ပြီး စူးစိုက်၍ ဆက်နားထောင်နေမိ၏။

"စာမလိုက်နိုင်တဲ့လူညံ့တွေက တစ်နေ့တာစာသင်ချိန်ပြီးဆုံးဖို့ကိုပဲ စဉ်းစားနေတတ်တယ်...အဲဒီလိုကလေးတွေက ဘယ်တော့မှ စာမေးပွဲမှာ မအောင်နိုင်ကြဘူး... ပြီးတော့ ဘဝမှာ ဘာပြီးရင် ဘာဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိဘဲ အလိုက်သင့် မျောပါနေတတ်တဲ့ ကလေးတွေကျ တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့

လောက်ကိုပဲ ရည်မှန်းချက်ထားတတ်ကြတာမို့ ဘဝမှာ ဘယ်တော့မှ ထိပ်ဆုံးကို မရောက်တတ်ကြဘူး...ထူးချွန်ထက်မြက်ပြီး မျှော်မှန်းချက်ကြီးမားတဲ့ကလေးတွေကျတော့ ခွဲလုံလဝီရိယနဲ့အတူပိုမိုကောင်းမွန်တဲ့အနာဂတ်ကိုတည်ဆောက်နိုင်ဖို့ ဘဝတစ်သက်တာအတွက် ရည်မှန်းချက်ထားတတ်ကြလို့လည်း အောင်မြင်တဲ့အကြီးအကဲတွေ ကြွယ်ဝချမ်းသာတဲ့သူတွေဖြစ်လာတတ်တယ်...ရည်မှန်းချက်ထားပုံချင်းမတူကြတော့ နောင်အနာဂတ်မှာလည်း ဘဝဖြစ်တည်ပုံချင်းက ကွဲပြားသွားကြတယ်...ဥပမာ တစ်တန်းတည်း ပညာသင်ယူသူချင်းကြိုးစားသူက ဆရာဝန်ဖြစ်မယ် အင်ဂျင်နီယာဖြစ်မယ်...ရိုးရိုးဘွဲ့ရသူက အရာရှိဖြစ်မယ်... ဘွဲ့မရသူက စာရေးဝန်ထမ်းပဲဖြစ်မယ်... ကျောင်းစောစော ထွက်ပြီး ပညာအခြေခံနည်းသူက ညစောင့်ပဲဖြစ်မယ်... ကဲ သားတို့ သမီးတို့ ဘာဖြစ်ချင်ကြလဲ”

ဟု အမေးစကားကို မမာ အပြည့်အဝ ထောက်ခံသလို ခေါင်းညိတ်လိုက်မိ၏။ သူ၏အတွေးထဲ၌ ခင်ပွန်းဖြစ်သူ ဦးပေါက်စနှင့် ဤကျောင်းမှ အထက်တန်းပြဆရာ ဦးဝင်းမြင့်တို့က တစ်ရွာတည်းသား ငယ်သူငယ်ချင်းကျောင်းနေဖက်တွေ၊ ခင်ပွန်းဖြစ်သူက လေးတန်းအောင်ပြီး ကျောင်းထွက်ခဲ့၍ ခုလို ရရှိထားသည့် ညစောင့်ရာထူးကိုပင် မပြုတ်ရအောင် မနည်းကျားကန်နေရသည်ဟု နားလည်လိုက်မိ၏။ မမာ ဆက်၍ နားထောင်နေမိတော့၏။

“ကဲ ဆက်ပြီး သားတို့ သမီးတို့ကို ပညာရဲ့အကျိုးကျေးဇူး (၁၁) ပါး အကြောင်းကိုလည်း ပြောပြရဦးမယ်.... သားတို့ သမီးတို့က ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို တည်ဆောက်နိုင်ဖို့ ဘဝတစ်သက်တာတွက် ရည်မှန်းချက်ထားပြီး ပညာတတ်တစ်ဦးဖြစ်လာခဲ့ပြီဆိုရင်... ပညာရဲ့အကျိုးကျေးဇူးတွေကို လက်တွေ့ခံစားကြရမှာဖြစ်တယ်...အဲဒါတွေက မိသားစုရဲ့ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မယ် ပြီးတော့ သူများထက် ဝင်ငွေပိုကောင်းပြီး

စီးပွားရေးလည်းပိုအဆင်ပြေလာမယ်...ကျန်းမာရေးအသိရှိစေပြီး မိသားစုကိုလည်း အကျိုးရှိစေမယ်... ဒီအထိ နားလည်ကြတယ်နော်"

ထိုဟောပြောချက်များက ပညာမတတ်ပေမဲ့ လူရည်လည်သော မမာ၏အတွေးအမြင်များကို ပြောင်းလဲသွားစေခဲ့၏။

မမာညာဏ်မီသမျှနှင့်တွေးကြည့်နေမိ၏။ မိမိတို့မိသားစုယခုကဲ့သို့ ဆင်းရဲမွဲတေနေရခြင်းမှာ ပညာမတတ်၍ဖြစ်ကြောင်း... သားလတ်ကို ကျောင်းထုတ်ပြီး ပန်းရန်လုပ် ဝင်ငွေရှာခိုင်းလျှင်လည်း လတ်တလော ကြုံတွေ့နေရသော မိသားစုအခက်အခဲပြဿနာများသာ ပြေလည်သွားမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကနေ လွတ်မြောက်နိုင်မည်မဟုတ်သေးပေ။ သားလတ်နှင့် သမီးငယ်တို့ကို ပညာတတ်အောင်သင်ပေးမှ မိသားစုဆင်းရဲမွဲတေမှုကနေ လွတ်မြောက်နိုင်မည်ဟုလည်း တွေးမြင်မိခဲ့၏။ နောက်သုံးနှစ်ဆို သားလတ်က ကိုးတန်းအောင်ပြီး ဆယ်တန်းပင် တက်နေလောက်ပြီ။ ထိုအချိန် ခင်ပွန်းဖြစ်သူ ပင်စင်ယူလည်း ပူစရာ မလိုတော့။ လိုအပ်လျှင် သားလတ်က ကိုးတန်းအောင်ပြီး အသက်ကလည်း (၁၈) နှစ်ပြည့်ပြီးဖြစ်၍ကျောင်းစောင့်အလုပ်ကို လျှောက်ခိုင်းမည်...ဤသို့ဆိုလျှင် ဒီအိမ်လေးမှာပဲ မိသားစု ဥမကွဲသိုက်မပျက်နှင့် ဆက်၍ နေနိုင်မည်ဖြစ်ပြီး သားလတ်ကကျောင်းစောင့်လုပ်ရင်းကြိုးစားပါက ဘွဲ့ပင်ရနိုင်သေးသလို... ကျောင်းဆရာလည်း ဖြစ်လာနိုင်သေး၏။ ယခင်က မမာသည် တစ်နေ့စာတစ်နေ့စဉ်းစားပူပင်တတ်ခဲ့ရာမှယနေ့ဟောပြောပွဲကိုနားထောင်ခဲ့ပြီးနောက် မိမိတို့ ပညာမတတ်ခဲ့သည်ကိုပင် နောင်တများ ရလျက်...


"သားလတ်ကို ကျောင်းမထုတ်တော့ဘူး"

ဟု ရင်ထဲ၌ ဟစ်ကြွေးလိုက်၏။ မိဘများက ကိုယ့်သားသမီးကို ကျောင်းထုတ်ခဲ့ကြရသည့် အကြောင်းရင်းများနှင့် ပညာ၏အကျိုးကျေးဇူးများကို သိနားလည်သွားခဲ့သလို ဘဝအတွက်လည်း ရှေ့ကြိုတွေးမြင်၍ စဉ်းစားတတ်သွားခဲ့ပြီဖြစ်၏။

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် (e - Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။



ပဲကိုင်ရှင်တို့၏နလုံးသားအလှ

နှင့်

ဝတ္ထုတိုများဝုဝ်ညီးမှု

တင်ဇော်

Mg Oo (SFA)